**မဲပေးမည့်သူများအတွက်  ပညာပေးလမ်းညွှန်**

**Kentucky ပြည်နယ် မဲပေးရေးလမ်းညွှန်**

**အထွေထွေရွေးကောက်ပွဲ**

**(နိုဝင်ဘာလ ၃ ရက်)**

**Corona Virus ကြောင့်ဖြစ်ပေါ်သည့် အထွေထွေရွေးကောက်ပွဲ အပြောင်းအလဲများ**

**(နောက်ဆုံးပြောင်းလဲသည့်နေ့ August ၂၁ ရက်)**

အောက်တိုဘာ ၅ ရက်၊ ညနေ ၄ နာရီ နောက်ဆုံးထား၍ GoVoteKY.com တွင် မဲပေးရန် စာရင်းသွင်းရပါမည်။ ထို website တွင် သင်၏နေရက်လိပ်စာ ပြောင်းလဲခြင်းများကိုလဲ ပြုလုပ်နိုင်ပါသည်။ အကယ်၍ သင်သည် မဲပေးရန်စာရင်းသွင်းပြီးပါက သင်၏နေရက်လိပ်စာ မှန်မမှန်ကို သေချာစွာ ပြန်စစ်ဆေးပါ။

**Mail ကိုအသုံးပြု၍ ပျက်ကွက်မဲ ပေးခြင်း**

Kentucky တွင် နေထိုင်သူများသည် mail ကို အသုံးပြု၍ မဲပေးပို့ရန် တောင်းဆိုနိုင်ပါသည်။ မဲပေးရန် portal မှ တစ်ဆင့် အောက်တိုဘာ ၉ ရက်နေ့ အချိန် ည ၁၁:၅၉ နောက်ဆုံးထား၍ တောင်းဆိုရပါမည်။ အောက်တိုဘာ ၉ ရက် ကျော်ပါက mail ဖြင့် ပေးသည့် ပျက်ကွက်မဲများကို ခရိုင်ရုံးမှတစ်ဆင့် ဆေးဘက်ဆိုင်ရာ အရေးပေါ် အခြေအနေများအတွက်သာ တောင်းဆို၍ရနိုင်မည် ဖြစ်သည်။

ခရိုင်ရုံးကို ဆက်သွယ်၍ ပျက်ကွက်မဲပေးရန် တောင်းဆိုပါက၊ portal (သူတို၏ထုံးစံအရ) မှ တစ်ဆင့် စာရင်းသွင်းပေးမည် (သို့) ပျက်ကွက်မဲလျှောက်လွှာကို သင့်ထံသို့ပို့ပေးမည် ဖြစ်ပါသည်။ ပြီးလျှင် သင်၏ မှတ်ပုံတင်ကပ်ကို မိတ္တူကူးကာ ပျက်ကွက်မဲလျှောက်လွှာနှင့်တကွ ပြန်ပို့ရန်လိုအပ်ပါမည်။ ခရိုင်ရုံးဖြင့် ပျက်ကွက်မဲ တောင်းဆိုခြင်းသည် မဲပေးမည့်သူများအတွက် နှောင့်နှေးစေနိုင်ပြီး ပို၍ရှုပ်ထွေးမှုများ ပေါ်ပေါက်စေနိုင်ပါသည်။ ထို့ကြောင့် မဲပေးမည့်သူများမှ ပျက်ကွက်မဲများတောင်းဆိုလိုပါက online portal (GoVoteKY.com) ကိုအသုံးပြုရန် အကြံပေးလိုပါသည်။

သင်သည် ပျက်ကွက်မဲ တောင်းဆိုပြီးလျှင်၊ မဲများကို စက်တင်ဘာလ လလယ်မှ လကုန် အတွင်းတွင် ပုံနှိပ်ထုတ်ဝေ၍ စာတိုက်ဖြင့်သင်ထံသို့ ပို့ပေးမည်ဖြစ်ကြောင်း သတိပြုပါ။

ပျက်ကွက်မဲများကို ရွေးကောက်ပွဲနေ့ နိုဝင်ဘာ ၃ ရက်နေ့နောက်ဆုံးထား၍ ပို့ရမည်ဖြစ်ပြီး နိုဝင်ဘာ ၆ ရက်နေ့တွင် လက်ခံရရှိရမည် ဖြစ်သည်။

Kentucky တွင်နေထိုင်သူများအတွက် စာပို့နောက်ကျမှုများ ဖြစ်ပေါ်မည်  စိုးရိမ်ပါက ပျက်ကွက်မဲများပြန်အပ်ရန် မဲပုံးများ ထားရှိပါမည်။ ခရိုင်ရုံးမှ မဲပုံးထားရှိသည့်နေရာများကို ဆုံးဖြတ်ပေးပါမည်။ နိုဝင်ဘာ ၃ရက်၊ ညနေ ၆ နာရီ နောက်ဆုံးထား၍ မဲများကို မဲပုံးသို့ ထည့်ရမည် ဖြစ်သည်။

## ကြိုတင်မဲပေးခြင်း

အောက်တိုဘာ ၃ ရက်၊ ရွေးကောက်ပွဲနေ့ ၃ ပတ်အလိုမှ စ၍ အောက်တိုဘာ ၃ ရက်နှင့် ရွေးကောက်ပွဲနေ့အတွင်းတွင် အပတ်စဉ် တနလာနေ့မှ သောကြာနေ့ နှင့် စနေနေ့တွင်အနည်းဆုံး ၄ နာရီ၊ ခရိုင်ရုံးမှ လူကိုယ်တိုင်မဲပေးနိုင်ရန် နေရာများ စီစဉ်ပေးမည်ဖြစ်သည်။

ကြိုတင်မဲပေးခြင်းသည် ပျက်ကွက်မဲ မဟုတ်ပါ။ မည်သူမဆို အကြောင်းအမျိုးမျိုးကြောင့် ကြိုတင်မဲ ပေးနိုင်ပါသည်။

## ရွေးကောက်ပွဲနေ့ မဲပေးခြင်း

ရွေးကောက်ပွဲနေ့တွင် မနက် ၆ နာရီမှ ညနေ ၆ နာရီအထိ မဲပေးနိုင်ပါသည်။

ရွေးကောက်ပွဲဆိုင်ရာ ခရိုင်အရာရှိများမှ ရွေးကောက်ပွဲနေ့တွင်မဲပေးနိုင်သည့်နေရာများကို ဆုံးဖြတ်ပေးပါမည်။ ပြည်နယ်ရွေးကောက်ပွဲအရာရှိများ၊ ပြည်နယ်အတွင်းရေးမှူးနှင့် မြို့တော်ဝင်များမှ အစီအစဉ်များကို ခွင့်ပြုချက်ပေးမည်ဖြစ်သည်။  ခရိုင်တိုင်းတွင် မည်သူမဆို မဲပေးနိုင်သည့် မဲပေးရုံး အနည်းဆုံး တစ်ရုံးရှိပါမည်။

**မဲပေးသူ၏ မှတ်ပုံတင်အထောက်အထား**

Kentucky တွင် နေထိုင်သူများမှ ယာဉ်မောင်းလိုင်စင်နှင့် ဓာတ်ပုံပါ မှတ်ပုံတင်ကပ်များအား ကပ်ဆိုးကျရောက်၍ ခရိုင်ရုံးများ ပိတ်သောကြောင့် (သို့) COVID-19 ကူးစက်မည် စိုးရိမ်ခြင်းကြောင့် လုပ်၍မရခြင်းများ ရှိပါက၊ ထိုအကြောင်းအရာများကို စာဖြင့်ရေးသား၍ လက်မှတ်ထိုးကာ မဲပေး၍ရပါသည်။

ဖော်ပြပါအကြောင်းအရာအချက်အလက်များကို https://www.lwvky.org/votinginkentuckyတွင် ဖတ်ရှုနိုင်ပါသည်။